# ဓမ္မခန္ဓာ (၈၄) ကျိုးပေါက်ခြင်း (အလ်–အင်ရှေကားက်)

ဥဘဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၃)၊ သုတ်ဒေသနာ (၂၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>☆၇၃း၁၈ | إِذَا السَّمَاء انشَقَّتْ۞<br>ကောင်းကင်ယံသည် ပေါက်ကွဲမှုဖြစ်၍–☆ |
| ၂။ | وَأَذِنَتْ لِرَبِّهَا وَحُقَّتْ۞<br>သူ့ကံကြမ္မာရှင်အား ချွင်းချက်မဲ့ နားစိုက်နာခံရသောအခါ– |
| ၃။ | وَإِذَا الْأَرْضُ مُدَّتْ۞<br>မြေကမ္ဘာအား ဆွဲဖြန့်လျှက်– |
| ၄။ | وَأَلْقَتْ مَا فِيهَا وَتَخَلَّتْ۞<br>သူမဥ္ဓ ရှိသမျှကို ခင်းကျင်းပြီး–အကြွင်းမကျန် ဖြစ်စေ၍–[၁၁၄၃] |
| ၅။ | وَأَذِنَتْ لِرَبِّهَا وَحُقَّتْ۞<br>သူမကံကြမ္မာရှင်အား ချွင်းချက်မဲ့ နားစိုက်နာခံရသောအခါ– |
| ၆။ | يَا أَيُّهَا الْإِنسَانُ إِنَّكَ كَادِحٌ إِلَى رَبِّكَ كَدْحًا فَمُلَاقِيهِ۞<br>အို လူသား၊ ကေန်ပင် သင်သည် ကံကြမ္မာရှင်၏ ထံတော်သို့ အရှိန်မပြတ်ခြင်းဖြင့် အရှိန်မပြတ်ဦးတည်လော့၊ သို့ဖြင့် အရှင့်အား ဖူးတွေ့ရလတ္တံ့။ |
| ၇။ | فَأَمَّا مَنْ أُوتِيَ كِتَابَهُ بِيَمِينِهِ۞<br>သူ၏ မှတ်တမ်းအား သူ့လက်ျာလက်သို့ ပေးအပ်ခံရသော သူအတွက်– |
| ၈။ | فَسَوْفَ يُحَاسَبُ حِسَابًا يَسِيرًا۞ |

---

(၁၁၄၃) ဤသုတ်တော်များမှ ကောင်းကင်ယံ ပေါက်ကွဲမှု ဖြစ်ခြင်း ဆိုသည်မှာ မိရိုးဖလာ အုပ်မိုးထားသော ခေါင်းဆောင်ကြီးများ ပေါက်ကွဲလွင့်စင်သွားခြင်း ဖြစ်ရသောအခါ– ဟု ဆိုခြင်း ဖြစ်သည်။ ခေတ်နောက်ပြန်ဆွဲ၍– အယူသည်း အုပ်မိုးထားသော ခေါင်းဆောင်တိုင်း ကျဆုံးရမည်မှာ လောက နိယာမ ဖြစ်ကြောင်းကို ကံကြမ္မာရှင်အား နားစိုက်နာခံရသော အခါ– ဆိုသည့် ဝါကျက ထောက်ပြထားပေသည်။ ဆိုလိုသည်မှာ လောက ဓမ္မ၏ ကံကြမ္မာရှင်သည် လောကနိယာမအား ပြဌာန်းပြီး ဖြစ်ရာ ထိုနိယာမမှ မည်သူသည်မျှ မကျော်လွန်နိုင်ကြောင်းပင် ဖြစ်သည်။ ဆက်လက်ဖေါ်ပြပါ သုတ်တော်မှာ မြေကမ္ဘာအား ဆွဲဖြန့်သည် ဆိုခြင်းမှာ မျိုးဆက်များ ပွားများလာသည်ဟု ဖြစ်ပေသည်။ ကျမ်းတော်တွင် လူသားသည် မြေမှ ဖြစ်တည်လာရကြောင်း ထိုလူသားတို့၏ ပွားများလာခြင်းသည် မြေကမ္ဘာတိုးရွေ့ကျယ်ပြန့်လာကြောင်းကို မကြာခဏ ပမာဆောင်ပြောဆိုပေသည်။ ၂၂း၅၊ ၄၁း၃၉။ ထိုမျိုးဆက်များသည် မျိုးဆက်ဟောင်း မိရိုးဖလာ ခေါင်းဆောင်ကြီးများအား လက်မခံတော့ဘဲ လောကအမှန်သို့ လျှောက်လှမ်းရန် ဦးတည်လာမည် ဖြစ်ကြောင်းကို ပုံဆောင်ပေသည်။ သို့သော် ထိုမျိုးဆက်များကိုလည်း လမ်းမှန်သို့ လျှောက်လှမ်းတတ်စေရန် သုတ်တော် ၆ တွင် သတိပေးထားပေသည်။

| | |
|---|---|
| | သူ့အတွက် စာရင်းသည် လွယ်ကူချောမွေ့သော စာရင်း ဖြစ်ရ၍– |
| ၉။ | **وَيَنقَلِبُ إِلَىٰ أَهْلِهِ مَسْرُورًا ۝**<br>သူ့ဝိုင်းသားများထံသို့ ဝမ်းသာအယ်လဲ ပြန်လည်ရလတ္တံ့။ |
| ၁၀။ | **وَأَمَّا مَنْ أُوتِيَ كِتَابَهُ وَرَاءَ ظَهْرِهِ ۝**<br>သူ၏ မှတ်တမ်းအား နောက်ကျောမှ နောက်ပြန် ပေးအပ်ခံရသူအတွက်– |
| ၁၁။ | **فَسَوْفَ يَدْعُو ثُبُورًا ۝**<br>သူသည် ပျက်ချုပ်သွားရခြင်းကို တမ်းတလတ္တံ့။[၁၁၄၄] |
| ၁၂။ | **وَيَصْلَىٰ سَعِيرًا ۝**<br>သူ့အား ငရဲဘုံ၌ တစ်သားတည်းဖြစ်စေလတ္တံ့။ |
| ၁၃။ | **إِنَّهُ كَانَ فِي أَهْلِهِ مَسْرُورًا ۝**<br>ကေန်ပင် သူသည် သူ့ဝိုင်းသားများအတွင်း၌ ဝမ်းပန်းတသာ နေခဲ့ဘူး၏။ |
| ၁၄။ | **إِنَّهُ ظَنَّ أَن لَّن يَحُورَ ۝**<br>ကေန်ပင် သူသည် ဦးလှည့်ပြန်ရမည် မဟုတ်ဟု တွေးထားခဲ့၏။ |
| ၁၅။ | **بَلَىٰ إِنَّ رَبَّهُ كَانَ بِهِ بَصِيرًا ۝**<br>အမှန်မှာ–ကံကြမ္မာရှင်သည် သူ့အား မြင်သိနေသော အရှင်ဖြစ်၏။ |
| ၁၆။ | **فَلَا أُقْسِمُ بِالشَّفَقِ ۝**<br>အမှန်မှာ– ဆည်းဆာနီကို ကျိန်ဆိုတိုင်တည်လျက်– |
| ၁၇။ | **وَاللَّيْلِ وَمَا وَسَقَ ۝**<br>ည– ၎င်း၏ မောင်းရွေ့နေခြင်းအားဖြင့်– |
| ၁၈။ | **وَالْقَمَرِ إِذَا اتَّسَقَ ۝**<br>တရိပ်ရိပ်ပြည့်ဖြိုးလာနေသော လအားဖြင့်– |
| ၁၉။ | **لَتَرْكَبُنَّ طَبَقًا عَن طَبَقٍ ۝**<br>သင်တို့သည် တစ်ဂြိုလ်မှ တစ်ဂြိုလ်သို့ စီးနင်းတက်သွားရလတ္တံ့။[၁၁၄၅] |
| ၂၀။ | **فَمَا لَهُمْ لَا يُؤْمِنُونَ ۝**<br>သူတို့သည် အဘယ့်ကြောင့် မယုံကြည်ကြသနည်း။ |
| ၂၁။ | **وَإِذَا قُرِئَ عَلَيْهِمُ الْقُرْآنُ لَا يَسْجُدُونَ ۝**<br>သူတို့အား ကုရ်အာန်ကို ရွတ်ဖတ်ပြသော အခါ၊ အဘယ်ကြောင့် ဦးချနာခံခြင်းမရှိကြသနည်း။ |

**(၁၁၄၄)** ပြစ်မှုကျူးလွန်သူတို့သည် သူတို့၏ ပြစ်မှုကိုယ်စီအား သီးခြား အပြစ်ခံရသောအခါ– ထိုပြစ်ဒဏ်အား တစ်ပေါင်းတည်း ကျခံရလျှင် ကောင်းလေစွ၊ သို့မဟုတ် တစ်ခါတည်း သေသွားရလျှင် ကောင်းလေစွဟု တမ်းတခြင်းမျိုးကို ဆိုလိုပေသည်။
**(၁၁၄၅)** ဤသုတ်တော်မှ **တွဘာကန်မ်** ဆိုသည်မှာ ဂြိုလ်ကမ္ဘာများကို ခေါ်ဆိုပေသည်။ ၆၇း၃ နှင့် ၇၁း၁၅ တွင် ထိုစကားလုံးကို တွေ့နိုင်၏။

| | |
|---|---|
| ၂၂။ | **بَلِ الَّذِينَ كَفَرُواْ يُكَذِّبُونَ۞**<br>အမှန်မှာ– ဖုံးကွယ်သော သူတို့သည် ငြင်းဆန်ကြကုန်၏။ |
| ၂၃။ | **وَاللَّهُ أَعْلَمُ بِمَا يُوعُونَ۞**<br>ပရမတ်ဘုရားရှင်သည်ကား သူတို့ ဖုံးဖိထားခြင်းကို သိနေတော်မူ၏။ |
| ၂၄။ | **فَبَشِّرْهُم بِعَذَابٍ أَلِيمٍ۞**<br>သို့ဖြစ်၍– သူတို့အား စူးနစ်နာကျင်သည့် ဝဋ်ကြွေးအကြောင်း သတင်းကောင်းပါးလော့။ |
| ၂၅။ | **إِلَّا الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ لَهُمْ أَجْرٌ غَيْرُ مَمْنُونٍ۞**<br>သို့သော် ယုံကြည်လျှက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသော သူတို့တွက် မပြီးပြတ်နိုင်သော အကျိုးဆုသည် ရှိနေပြီ။ |